KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

## နောက်ဆုံးရဒေသတွင်းသတင်းတို

၂၀၂၁ခုနှစ်၊ ဩဂုတ်လ ၃၁ရက် /KHRG စာအမှတ် # 21-218-D1

# ခလယ်လွီထူခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - အတင်းအဓမ္မ ဖမ်းဆီးခြင်းနှင့် သတ်ဖြတ်ခြင်း (၂၀၂၁ခုနှစ်၊ ဇူလိုင်လ)

*ဤနောက်ဆုံးရဒေသတွင်းသတင်းတိုတွင် ၂၀၂၁ခုနှစ်၊ ဇူလိုင်လ ၁၂ရက်နေ့နှင့် ၁၆ရက်နေ့အကြား ခလယ်လွီထူ (ညောင်လေးပင်) ခရိုင်၊ မူး (မုန်း) မြို့နယ်တွင် ဖြစ်ပွားခဲ့သည့်အကြောင်းအရာများကို ဖော်ပြထားပါသည်။ ဒေသခံရွာသားတစ်ဦးသည် အာဏာဖီဆန်ရေး အကြမ်းမဖက်လူထုလှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်ကြသည့် **CDM** သမားများကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် **KNLA** နယ်မြေသို့ ပို့ဆောင်ခဲ့သောကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (စကစ) **SAC** မှ ၎င်းအား ဖမ်းဆီးခဲ့သည်။ ထို့အပြင် ၎င်းသည် ပေါက်ကွဲစေနိုင်သည့်လက်နက်ခဲယမ်းများကို ထုတ်လုပ်၍အသုံးပြုနေသည်ဟုလည်း စွပ်စွဲခံရပါသည်။ ကရင်အမျိုးသားအစည်းအရုံး **KNU** အာဏာပိုင်များမှ ထိုရွာသားအဖမ်းဆီးခံရမှုနှင့်ပတ်သတ်၍ စုံစမ်းမေးမြန်းရန်အတွက် SAC ခန့်အပ်ထားသည့်ဒေသခံကျေးရွာအုပ်ချုပ်ရေးမှူးအား ဆင့်ခေါ် ခဲ့သည်။ ဘာမျှအကြောင်းပြန်ခြင်းမရှိသည့်အတွက်ကြောင့် ဒေသခံ KNU ကျေးရွာအုပ်စုအတွင်းရေးမှူးနှင့် KNLA အရာရှိနှစ်ဦးမှ စကစ ခန့်အပ်သည့်ကျေးရွာအုပ်ချုပ်ရေးမှူးကို သွားရောက်ဖမ်းဆီးခဲ့သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးအား မေး မြန်းစစ်ဆေးရန်အတွက် KNLA တပ်စခန်းသို့ခေါ်ယူလာပြီး ပြန်လာသည့်လမ်းတွင် စကစ တပ်ဖွဲ့မှ ၎င်းတို့အားပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ဤသို့ပစ်ခတ်မှုတွင် KNU အရာရှိများ နောက်သို့လိုက်ပါလာသည့်ရွာသားတစ်ဦး ကျည်ဆံထိမှန်၍ သေဆုံးခဲ့သည်။*[1]

---

၂၀၂၁ခုနှစ်၊ ဇူလိုင်လ ၁၂ရက်နေ့တွင် လယ်ဒိုမြို့ရှိ သံဘိုတပ်စခန်းတွင်အခြေစိုက်နေထိုင်သည့် စကစ တပ်ဖွဲ့ဖြစ်သော ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၆၀)မှ ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ ထီးလော်ခီး (ရေလဲ) ကျေးရွာအုပ်စု၊ အ---

[1]ဤအစီရင်ခံစာသည် ၂၀၂၁ခုနှစ်၊ ဇူလိုင်လ တွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ခလယ်လွီထူခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓါတ်ပုံနှင့် နေရပ်လိပ်စာ အတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

ကျေးရွာမှ အသက် (၄၀) အရွယ် ဒေသခံရွာသားတစ်ဦးဖြစ်သူ စောစ---ကို လာရောက်ဖမ်းဆီးခဲ့သည်။ ထိုရွာသားသည် CDM တွင် လာရောက်ပါဝင်ပူးပေါင်းသူများကို KNLA နယ်မြေသို့ ပို့ဆောင်ခဲ့ သောကြောင့် ဖမ်းဆီးခံရခြင်းဖြစ်သည်။ ထို့အပြင် ၎င်းသည် ပေါက်ကွဲစေနိုင်သည့်လက်နက်ခဲယမ်းများကို ထုတ်လုပ်၍အသုံးပြုနေသည်ဟုလည်း စွပ်စွဲခံရပါသည်။ စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် ကျေးရွာများရှိလူငယ်များမှ KNLA တပ်စခန်းများတွင် ကိုယ့်ကိုကိုယ်ခုခံကာကွယ်ရန်အတွက် (၁၀) ရက်တာ အခြေခံစစ်သင်တန်းများအား တက်ရောက်သင်ယူနိုင်ရန် ၎င်းရွာသားမှဒေသခံလူငယ်များကို ကရင်အမျိုးသားအစည်းအရုံး KNU ထိန်းချုပ်နယ်မြေနှင့် ရောနှောအုပ်ချုပ်နယ်မြေများသို့ ကူညီပို့ဆောင်ခဲ့သည်။ အခြေခံစစ်သင်တန်းတက်ရောက်ရန်အတွက် KNU ထိန်းချုပ်နယ်မြေသို့ ပို့ဆောင်ခံရသူများထဲတွင် CDM သမားများလည်းပါဝင်ပါသည်။ စောစ---၏အကိုဖြစ်သူမှ စောစ---သည် ပေါက်ကွဲစေနိုင်သည့်လက်နက်ခဲယမ်းများအား အသုံးပြုခြင်းများတွင် ပါဝင်ပတ်သတ်နေသည်ကို မယုံကြည်ဘူးဟု ထွက်ဆိုခဲ့သည်။ ထို့ပြင် ၎င်း၏ညီသည် စွပ်စွဲခံရသည်ဟု ယုံကြည်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ယခင်က စောစ---သည် အခြေခံစစ်သင်တန်းအား တက်ရောက်ခဲ့ဖူးသူဖြစ်သည်။ အစပိုင်းတွင် စောစ---အဖမ်းခံရပြီးနောက် သူ၏မိသားစုနှင့်သူငယ်ချင်းများသည် ၎င်းအား ဆက်သွယ်လို့ရခဲ့သည်။ သို့သော် ၂၀၂၁ခုနှစ်၊ ဇူလိုင်လ ၁၇ရက်နေ့ နောက်ပိုင်း တွင် မည်သူမှ ၎င်းအား ဆက်သွယ်လို့မရခဲ့ပေ။ ထို့ကြောင့် သူ၏မိသားစုသည် ၎င်းအတွက် လွန်စွာစိတ်ပူလျှက်ရှိသည်။

၂၀၂၁ခုနှစ်၊ ဩဂုတ်လ ၇ရက်နေ့တွင် KHRG မှ လက်ခံရရှိသည့်သတင်းအချက်အလက်များအရ စောစ---၏မိသားစုဝင်များသည် ၎င်းအတွက် ဆေးဝါးများနှင့်အစားအစာများ ပို့ဆောင်နိုင်ခဲ့ပါသည်။ သို့သော် ၎င်းနှင့်လူကိုယ်တိုင်တွေ့ဆုံနိုင်ခြင်းမရှိခဲ့ပေ။ ယခုအချိန်တွင် စောစ---သည် တောင်ငူမြို့ထောင်ထဲတွင်ရှိနေပါသည်။ ယခင်က စောစ---အား တရားစွဲဆိုသည့်အမှုကို ရုတ်သိမ်းပြောင်းလဲခဲ့ပြီး ယခုအချိန်တွင် ၎င်းအား ရာဇသတ်ကြီးပုဒ်မ ၅၀၅ (က)ဖြင့် တရားစွဲဆိုခံရပါသည်။ စောစ---သည် ၎င်းရာဇသတ်ကြီးပုဒ်မ ၅၀၅ (က)ဖြင့် တရားစွဲဆိုဖမ်းဆီးခံရသည့် အခြားသူများနှင့်အတူတကွ ထိန်းသိမ်းချုပ်နှောင်ခံထားရပြီး အခြားသောရာဇဝတ်မှုများဖြင့် ဖမ်းဆီးခံရသူများနှင့် သီးသန့်ခွဲခြား၍ နေထိုင်ရပါသည်။ ယခုအချိန်တွင် တရားစီရင်ရေးလုပ်ငန်းများအားလုံး ရပ်တန့်ခဲ့ရသည်။ (ထို့ကြောင့် စောစ---သည် မည်သည့်အချိန်တွင် တရားရုံးတွင် အမှုရင်ဆိုင်ရန်နှင့် ဘယ်အချိန်တွင် လွတ်မြောက်လာမည့်ကိစ္စများနှင့်ပတ်သတ်၍ သတင်းအချက်အလက်များ မရရှိကြပါ။)[2] စောစ---၏အကိုဖြစ်သူလည်း ၎င်း၏ညီ လွတ်မြောက်လာရန်အတွက် နံ့သာ ကွင်းကျေးရွာမှ ရဲအရာရှိတစ်ဦးနှင့်တွေ့ဆုံ၍ ကြိုးပမ်းနေပါသည်။ သို့သော်လည်း ယခုအချိန်တွင် ၎င်း၏မိသားစုဝင် များသည် သူလွတ်မြောက်လာရန်အတွက် ဘာမျှလုပ်ဆောင်နိုင်ခြင်းမရှိခဲ့ပေ။

ထိုရွာသားအား ဖမ်းဆီးမှုအပေါ် ၂၀၂၁ခုနှစ်၊ ဇူလိုင်လ ၁၂ရက်နေ့ ညနေပိုင်းတွင် မူးမြို့နယ်မှ ဒေသခံ KNU အာဏာပိုင်များသည် စကစ မှ ခန့်အပ်ထားသော ထီးလော်ခီးကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်သူ ဦးရှစ်သိန်းကို ဆင့်ခေါ် ခဲ့သည်။ KNU အာဏာပိုင်များမှ ဦးရှစ်သိန်းအား ဖမ်းဆီးမှုနှင့်ပတ်သတ်ပြီး မေးမြန်းသိရှိရန်အတွက် ၂၀၂၁ခုနှစ်၊ ဇူလိုင်လ ၁၃ရက်နေ့တွင် ၎င်းနှင့်တွေ့ဆုံရန်တောင်းဆိုခဲ့သည်။ အခွန်ကောက်ခံရေးနှင့် အခြားသောကိစ္စရပ်များတွင် တာဝန်ယူလုပ်ဆောင်

[2] KHRG မှ လက်ခံရရှိသည့် အခြားသောသတင်းအစီရင်ခံစာများအရ ကိုဗစ်-၁၉ရောဂါကူးစက်မှုကြောင့် တရားစီရင်ရေး လုပ်ငန်းများ ရပ်တန့်ခဲ့ရပါသည်။

နေသည့် ကျေးရွာအုပ်စုနယ်မြေမှူးသည် ဦးရှစ်သိန်းအား နှစ်ကြိမ်၊သုံးကြိမ်ဆင့်ခေါ် ခဲ့သည်။ သို့သော်လည်း ဦးရှစ်သိန်းမှ ၎င်းတို့နှင့်သွားရောက်တွေ့ဆုံခြင်းမရှိခဲ့ပေ။ ထို့ကြောင့် ၂၀၂၁ခုနှစ်၊ ဇူလိုင်လ ၁၆ရက်နေ့ညပိုင်းတွင် KNLA ဒုတပ်ခွဲမှူးစောဝါးလို၊ KNU ကျေးရွာအုပ်စုနယ်မြေမှူး ပဒိုစောကွာလာနှင့် KNLA တပ်စုမှူးစောကော်ဆဲတို့သည် ထီးလော်ခီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးရှစ်သိန်းအား ဖမ်းဆီးရန်အတွက်မူးမြို့နယ်၊ ထီးလော်ခီးကျေးရွာအုပ်စု၊ ထီးလော်ခီးကျေးရွာသို့ ဆိုင်ကယ်ဖြင့်သွားရောက်ခဲ့သည်။ ၎င်းတို့နောက် ရွာသားနှစ်ဦးလိုက်ပါလာခဲ့သည်။ ရွာသားတစ်ဦးက အ---ကျေးရွာသားဖြစ်ပြီး နောက်တစ်ဦးမှာ ဒ---ရွာသားဖြစ်သည်။ (၎င်းတို့သည် လမ်းတစ်လျှောက်တွင် KNU ကျေးရွာအုပ်စုနယ်မြေမှူးနှင့် KNLA အရာရှိများတို့နှင့်အတူ လိုက်ပါလာခဲ့သူဖြစ်သည်။) (အ---ကျေးရွာမှ KNLA တပ်စခန်းသို့) ၎င်းတို့ပြန်လာသည့်လမ်းတစ်လျှောက်တွင် ဟောခိုဝေါ်နှင့် လယ်ဒိုလမ်းဆုံအရောက်တွင် တပ်မတော်စစ်ကားနှစ်စီးနှင့် တပ်ရင်းမှူးဇေယျာလင်းဦးဆောင်သည့် ခလရ (၆၀)မှ တပ်သား ၂၅ ဦးနှင့် ပတ်ပင်တိုးခဲ့သည်။ ထိုအချိန်သည် ည ၈း၃၀ ခွဲဖြစ်သည်။ စကစတပ်ဖွဲ့ မှ ၎င်းတို့အား (စကစ ကျေးရွာအုပ်ချုပ်ရေးမှူးဦးရှစ်သိန်းအပါအဝင် KNLA အရာရှိများ၊ KNU ကျေးရွာအုပ်စုနယ်မြေမှူးနှင့် ရွာသားများ) စတင်ပစ်ခတ်ခဲ့သည်။ (KNLA အရာရှိများမှ စစ်တပ်အား ပြန်လည်ပစ်ခတ်ခဲ့ခြင်းရှိ၊မရှိနှင့်ပတ်သတ်၍ သိရှိရခြင်းမရှိခဲ့ပေ။) ဒေသခံရွာသားများ၏တင်ပြချက်များ အရ ၎င်းတို့ KNU သည် ကျေးရွာအုပ်ချုပ်ရေးမှူးကို KNLA တပ်စခန်းသို့ ခေါ်ဆောင်သွားသည်ဟု ကျေးရွာအုပ်ချုပ်ရေးမှူး၏မိသားစုမှ စကစ အား အကြောင်းကြားခဲ့သည်။ ပစ်ခတ်သည့်အချိန်အတွင်း ကျေးရွာအုပ်ချုပ်ရေးမှူးမှ အခွင့် အရေးယူ၍ ထွက်ပြေးလွတ်မြောက်ခဲ့သည်။ (ဒေသခံများ၏ပြောပြချက်များအရ ထိုရက်တွင် ၎င်းသည် အခြားနေရာသို့ တိမ်းရှောင်ခဲ့သည်။) KNLA အရာရှိများ၊ KNU ကျေးရွာအုပ်စုနယ်မြေမှူးနှင့်လိုက်ပါလာသည့်ရွာသားတစ်ဦးမှ တိမ်းရှောင်ထွက်ပြေးနိုင်ခဲ့သော်လည်း ၎င်းတို့ဆိုင်ကယ်များကို လမ်းဆုံတွင် ပစ်ထားခဲ့ရသည်။ အခြားသောရွာသား တစ်ဦးဖြစ်သည့် ဒ---ကျေးရွာတွင်နေထိုင်သော အသက် ၄၀ အရွယ် စောဘ---သည် ၎င်း၏ရင်ဘတ်တွင် သေနတ်ကျည်ဆံထိမှန်၍ ည ၁၁ နာရီဝန်းကျင်တွင် သေဆုံးခဲ့သည်။ ၎င်း၏အမျိုးသမီးနှင့် ကလေးငါးဦးကျန်ရစ်ခဲ့သည်။ ၎င်း၏ အမျိုးသမီးမှာ နှလုံးရောဂါရှိပြီး မကြာခဏသတိလစ်ပြီးတက်သည့်အတွက် သူမတစ်ဦးတည်းအနေဖြင့် ကျန်ရစ်သည့်သူမ၏ကလေးငါးဦးကို ပြုစုပျိုးထောင်ရန် စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရသည်။

၂၀၂၁ခုနှစ်၊ ဇူလိုင်လ ၂၀ရက်နေ့တွင် ဒေသခံခေါင်းဆောင်များမှ စောဘ---အသုဘနှင့် အောက်မေ့ဖွယ်ကျောက်တိုင်အား မူးမြို့နယ်၊ ပလီးထကျေးရွာအုပ်စု၊ မောလေးဒေသတွင် စီစဉ်ဆောင်ရွက်ခဲ့သည်။ အောက်မေ့ဖွယ်ကျောက်တိုင်အား ပြုလုပ်ရခြင်းသည် စောဘ--- အား သူ၏လူမျိုးအတွက် သူရဲကောင်းတစ်ဦးအဖြစ် အသိအမှတ်ပြုခြင်းဖြစ်ပြီး ၎င်းမှ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်နှင့် စစ်တပ်အာဏာကို ဖြုတ်ချရန်အတွက် အသက်ပေးခဲ့သော ကြောင့်ဖြစ်သည်။



ဤပုံကို ၂၀၂၁ခုနှစ်၊ ဇူလိုင်လ ၂၀ရက်နေ့ ခလယ်လွိဳထူခရိုင်၊ မူးမြို့နယ်၊ ပလီးထကျေးရွာအုပ်စု၊ မောလေးဒေသတွင် ရိုက်ယူခဲ့သည်။ ပုံတွင် ၂၀၂၁ခုနှစ်၊ ဇူလိုင်လ ၁၆ရက်နေ့၌ ဟောခို့ဝေါ်နှင့် လယ်ဒိုလမ်းဆုံတွင် စကစ ခလရ (၆၀)မှ ပစ်သတ်ခံရသည့် ဒ---ရွာသားဖြစ်သူ စောဘ---၏အုတ်ဂူကျောက်တိုင်အားဖော်ပြထားခြင်းဖြစ်သည်။ *(ဓာတ်ပုံ:KHRG)*

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက် လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဒေသခံရွာသားများကို လေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှ ခံစားရသောလူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။